ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့ (10-6-2010) (၆၄၂၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ မုတ္တမကမ်းလွန်ပင်လယ်ပြင် ရတနာ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး Platform ပေါ်ရှိ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်မည့် ဓာတ်ငွေ့ဖွင့် Valve လက်ကိုင်ဘီးလှည့်ပြီး ရတနာ ဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့အား ၂၄ လက်မ ရတနာ-ရန်ကုန် ကမ်းလွန်ပိုက်လိုင်းသစ်အတွင်းသို့ စတင်ပို့လွှတ်ပေးစဉ်။ (စွမ်းအင်)

ရတနာ-ရန်ကုန် ၂၄ လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ သဘာဝဓာတ်ငွေ့စတင်ပို့လွှတ်သည့် အခမ်းအနား ဝန်ကြီး ဦးလွန်းသီ တက်ရောက်

နေပြည်တော် ဇွန် ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၈ ရက် နံနက်ပိုင်းတွင် မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး Platform ၌ ကျင်းပသည့် ရတနာ-ရန်ကုန် ၂၄ လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးအား Platform ပေါ်ရှိ အစည်းအဝေးခန်းမ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Total E&P Myanmar ကုမ္ပဏီမှ တာဝန်ရှိသူတို့က ရတနာ-ရန်ကုန် ၂၄ လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း အောင်မြင်စွာ ဆက်သွယ်ပြီးစီးမှု အခြေအနေနှင့် ရတနာ သဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ပို့လွှတ်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ယခု ၂၄ လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကြီးကို သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးသွားသည်မှာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✿

ရတနာ
သဘာဝဓာတ်ငွေ့မြေ

မုတ္တမကမ်းလွန် ပင်လယ်ပြင်ရှိ ရတနာ သဘာဝဓာတ်ငွေ့မြေ။ (စွမ်းအင်)

ချောင်းမငယ်ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးဖြစ်ထွန်းလာသည့် နေပြည်တော်လယ်ဝေးမြို့နယ်

ဤဒေသသို့ မုတ်သုံကြိုမိုး ရောက်နှင့်ပြီဆိုသည်ကို မြေပြင်အနေအထားက သက်သေပြနေသည်။ ချောင်းမငယ်တာတရိုးတွင် သင်းပျံ့သော မြေသင်းနံ့က လှိုင်လို့။ အစိုဓာတ်အနည်းငယ် ရရုံဖြင့် ညှို့သက်သွားသော မြေပြင်ပေါ်တွင် ချော့မော့ထိန်းကျောင်း မောင်းနှင်ရသော မော်တော်ယာဉ်က စိတ်အလိုကို အနည်းငယ်မျှသာလိုက်ပုံရ၏။ ခရီးသိပ်မတွင်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

အဆင် အပြင် စန်းဦး

၁၀-၆-၂၀၁၀
(ကြာသပတေးနေ့)

အရှေ့အာရှ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်မည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ဇွန် ၆ ရက်က ကျင်းပသည့် ၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေး ဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အာရှ၏ခေါင်းဆောင်မှု အစီအစဉ်ကို ပြန်လည်စဉ်းစားခြင်း ဆောင်ပုဒ်ကို ဦးတည်ဆွေးနွေးကြသည်။ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ၊ တီထွင်ဆန်းသစ်မှု၊ ဒေသဆိုင်ရာစီးပွားရေး ပေါင်းစည်းရေးနှင့် ကွန်ရက်ဆက်သွယ်မှုစသည့် ကဏ္ဍစုံကိစ္စရပ်များ ပါဝင်သည်။

မျက်မှောက် အချိန်အခါတွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကမ္ဘာ့လူသားများအားလုံး ခံစားနေကြရသည်။ ဆင်းရဲနွမ်းပါးမှုနှင့် သဘာဝပြုန်းတီးမှုတို့ ဆက်စပ်လျက်ရှိရာ သဘာဝပတ်ဝန်းကျင် ပြုန်းတီးလေ ဆင်းရဲနွမ်းပါးမှု ပိုမိုများပြားလာလေဖြစ်သည်။ အရှေ့အာရှနိုင်ငံများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးမှုလျော့ပါးစေရေးလုပ်ငန်းများတွင် နိုင်ငံစွမ်းအားအလိုက် ပါဝင်ဆောင်ရွက်သွားကြမည် ဖြစ်သည်။

အရှေ့အာရှနိုင်ငံများသည် ပထဝီဒေသဆိုင်ရာ အချက်အလက်များကောင်းမွန်သည်။ ရေ မြေ တောတောင် သဘာဝသယံဇာတပေါကြွယ်ဝသည်။ ထိုက်သင့်သည့် လူသားရင်းမြစ်များ တည်ရှိသည်။ သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို သဟဇာတဖြစ်စေရန် ကြိုးပမ်းဖော်ဆောင်ကြရပေမည်။ စီးပွားရေးပေါင်းစည်းမှုလုပ်ငန်းများ မြှင့်တင်ရေး၊ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး ကြိုးပမ်းကြရပေမည်။

အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း အဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်လျက်ရှိသည်။ ဒေသတွင်းနိုင်ငံများနှင့် နီးကပ်စွာပူးပေါင်း၍ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်မှုတို့သည် ဆက်နွှယ်လျက်ရှိသည်။ နိုင်ငံအလိုက် သဘာဝသယံဇာတအခြေအနေများ ပြုန်းတီးမှုမရှိစေရန် ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံအချင်းချင်း ပေါင်းစည်းမှုများတိုးမြှင့်ကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် အရှေ့အာရှဒေသ၏ အခန်းကဏ္ဍ ပြန်လည်မြှင့်တင်လာနိုင်မည် ဖြစ်ပါသည်။ ။

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်တင်မိုးရွှေ၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်ခင်တင့်တို့ ကြီးကြပ်မှုဖြင့် ပျိုးဥယျာဉ်အတွင်း ပန်းအိ၊ စက္ကူပန်း၊ ခရာဝါ၊ စိန်တံချူ၊ နွယ်သာကီ၊ ပန်းအလှ ပျိုးပင်များကို ပြုစုပျိုးထောင်ကြစဉ်။

(မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

ဗိုလ်သင်တန်း အမှတ်စဉ်(၆၇) ၏ (၂၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၇၅၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။

(သံဃာ့ဆေးရုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၉

အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက် ၈ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနများမှ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး သူရဦးအေးမြင့်က အမှာစကားပြောကြားရာတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ မြန်မာနိုင်ငံအနေဖြင့် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ သွေးသစ်အားကစားသမားရွေးချယ်ရေး၊ အဆိုပါ သွေးသစ်အားကစားသမားများအား လေ့ကျင့်ပြုစုပျိုးထောင်ပေးရေး၊ ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပ၍ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် ထိုမှတစ်ဆင့် အဆင့်မီ မြန်မာလက်ရွေးစင် အားကစားသမားများ ပေါ်ထွက်လာသည်အထိ ကြိုးပမ်းဆောင်ရွက်ရေး၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်၍ အောင်မြင်မှုများရရှိစေရေးအတွက် ၂၀၁၀ ခုနှစ်ကို သွေးသစ်ရွေးချယ်ရေးနှစ်အဖြစ် သတ်မှတ်ကာ ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်၊ ခရိုင်များ အဆင့်အထိဆင်း၍ ထူးချွန်သော သွေးသစ် အားကစားသမားများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး၊ ဝန်ထမ်းများစည်းကမ်းကောင်းမွန်ရေးနှင့် အရည်အချင်း မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်း တာဝန်ခံများ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းများအလိုက် တာဝန်ခံများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနခွဲများက ပြန်လည်ရှင်းလင်းတင်ပြကြပြီး ဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြချက်အသီးသီးအပေါ် ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက အားကစားနှင့် ကာယပညာသိပ္ပံများ၌ သင်ကြားမှုအထောက်အကူပြု ပစ္စည်းအဖြစ် အသုံးပြုရန်အတွက် (၃၂)လက်မ LCD Monitor ခြောက်လုံးနှင့် ပြည်နယ်နှင့်တိုင်းများ၌ ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသား/သမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့စရိတ် စုစုပေါင်း ငွေကျပ် ၂၄၆၂၅၀၀ တို့ကို ထောက်ပံ့ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ထောက်ပံ့ပေးအပ်မည့် လက်ဝှေ့၊ ကြက်တောင်၊ ဘောလုံးနှင့် ပြေးခုန်ပစ် အားကစား အထောက်အကူပြုပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေးသင်တန်းဆင်းပွဲ ကျင်းပ

ကော့ကရိတ် ဇွန် ၉

ကော့ကရိတ်မြို့နယ် နဘူးတိုက်နယ်တွင် မေ ၂၁ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း (၁/၂၀၁၀)ဆင်းပွဲအခမ်းအနားကို နဘူးအထက်၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးထွန်းထွန်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ထွန်းဦးနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြငြိမ်းသတ်ကြသည်။ သင်တန်းကာလကို ဧပြီ ၂၆ မှ မေ ၂၁ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၈၀ တို့ တက်ရောက်ခဲ့ကြသည်။ (ခရိုင်ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ ၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲကို "ကမ္ဘာတစ်လွှား ဝင့်ကာကြွားတို့မြန်မာအမျိုးသမီးများ" ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ" ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူများကို စာလုံးရေသုံးထောင်မှ ငါးထောင်အထိရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင် စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ× ၁၄ လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည် ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဇွန် ၁၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❁ **ရှေ့ဖုံးမှ**

ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့ ပူးပေါင်း၍ ဝိုင်းဝန်းညှိနှိုင်းကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်ကြောင်း၊ ယခုဆက်လက် ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်သည့် ၂၄ လက်မ ကမ်းလွန်ပိုက်လိုင်းသစ်ထဲသို့ ရတနာ ဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့များ ပို့လွှတ်မည့် လုပ်ငန်းစဉ်များကိုလည်း အစီအစဉ်တကျဖြင့် ဆောင်ရွက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ရတနာ Platform ပေါ်ရှိ သဘာဝဓာတ်ငွေ့စတင်ပို့လွှတ်မည့် ဓာတ်ငွေ့ဖွင့် Valve ရှေ့တွင် နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည့် နံနက် ၉ နာရီတွင် ဝန်ကြီးက Valve လက်ကိုင်ဘီးကို လှည့်ကာ ရတနာဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့အား ၂၄ လက်မ ရတနာ-ရန်ကုန် ကမ်းလွန်ပိုက်လိုင်းသစ်အတွင်းသို့ စတင်ပို့လွှတ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် Platform ပေါ်ရှိ Gas Flow အား ထိန်းချုပ်ပို့လွှတ်သည့် Globe Valveနှင့် Gas Metering ပစ္စည်းများ တပ်ဆင်ပြီးစီး၍ တိုင်းတာနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ဖျာပုံခရိုင် အမာမြို့နယ် ဒေါ်ညိမ်းကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသော ၂၄ လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ Pipe Line Center စခန်း(ဒေါ်ညိမ်း)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက Pipe Line Center (ဒေါ်ညိမ်း) စခန်း တည်ဆောက်တပ်ဆင်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ယခု ၂၄ လက်မ ပိုက်လိုင်းသစ်မှတစ်ဆင့် ရတနာကမ်းလွန်မှ ပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့အား ကုန်းတွင်း ပိုက်လိုင်းစတင်သော Pipe Line Center မှ စနစ်တကျလက်ခံထိန်းချုပ်ပြီး နည်းစဉ်များအတိုင်း ရန်ကုန်မြို့ရှိ Gas Distribution Station (ရွာမ)စခန်းသို့ ဓာတ်ငွေ့များကို ဆက်လက်ပို့လွှတ်သွားနိုင်ရေး အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် Pipe Line Center စခန်းအတွင်းရှိ သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေး ဆောင်ရွက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များ မှာကြားသည်။

တိုးတက်များပြားလာသော ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မုတ္တမ ကမ်းလွန်ရှိ ရတနာသဘာဝဓာတ်ငွေ့မြေမှ ရန်ကုန်မြို့ Gas Distribution Station (ရွာမ) စခန်းအထိ ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမှုလုပ်ငန်းများကို ကုန်းတွင်းပိုင်း ပိုက်လိုင်းအရှည် ၈၅ဒသမ၄၃မိုင်နှင့် ကမ်းလွန်ပိုင်းအရှည် ၉၄ ဒသမ ၅၂ မိုင် စုစုပေါင်းအရှည် ၁၇၉ဒသမ၉၅မိုင် ဆက်သွယ် ခင်းကျင်းဆောင်ရွက်ခဲ့သည်။ ယခုအခါ သတ်မှတ်ကာလအတွင်း ပိုက်လိုင်းဆက်သွယ်ခြင်းနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ပို့လွှတ်မှုနည်းစဉ်အတိုင်း စမ်းသပ်မှုများအားလုံး ပြီးစီးအောင်မြင်ပြီဖြစ်သဖြင့် ဇွန် ၈ ရက် နံနက်ပိုင်းမှစတင်၍ ရတနာ သဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့စတင်ပို့လွှတ်လျက်ရှိရာ ၂၄ လက်မ ပိုက်လိုင်းသစ်မှတစ်ဆင့် ရန်ကုန်မြို့ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)သို့ ယခုရက်ပိုင်းအတွင်း သဘာဝဓာတ်ငွေ့များ စတင်ရောက်ရှိလာတော့မည်ဖြစ်ပြီး အဆိုပါစခန်းမှတစ်ဆင့် ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး စစ်ကိုင်း ချည်မျှင်နှင့် အထည်စက်ရုံနှင့် ဆင်တပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁ ရက်တွင် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း စက်ရုံလည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများမှ ရှင်းလင်းပြသသည်။ ထို့နောက် တိုင်းမှူးသည် စက်ရုံမှထုတ်လုပ်သည့် စက်အပိုပစ္စည်းများ ခင်းကျင်းပြသမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရေတင်အဆင့်(၃)နေရာသို့ ရောက်ရှိရာ ရေပိုက်လိုင်းသွယ်တန်းပြီးစီးမှုအားလည်းကောင်း၊ လက်တံခွဲမြောင်းပြီးစီးမှုအခြေအနေအား လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကာ တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ဖျာပုံခရိုင် အမာမြို့နယ်ရှိ ဒေါ်ညိမ်းကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသွားသော ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ Pipe Line Center စခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ဧရာဝတီတိုင်း မြို့နယ်နှင့် တိုက်နယ်ပြည်သူ့ဆေးရုံများ ဝန်ကြီး ဒေါက်တာကျော်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ပြည်သူ့ဆေးရုံ၌ အမျိုးသားဆေးကုသဆောင်၊ အမျိုးသမီး ဆေးကုသဆောင်၊ သွားနှင့်ခံတွင်းကုသဌာန၊ ဓာတ်မှန်ဆောင်၊ ဆေးရုံအတွင်း ရေပေးဝေမှုစနစ်တည်ဆောက်ထားရှိမှုများ၊ ဝန်ထမ်းများအိမ်ရာနှင့် ဆေးသိုလှောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ ဆေးရုံကို ပြည်သူများ အဓိကအားကိုးလာစေရန် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြပြီး လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းသွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့နယ် ရှားခဲတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျုံပျော်မြို့နယ် အထောင်တိုက်နယ်ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားကာ ကြီးကြပ်မှုကော်မတီဝင်များ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် ရေကြည်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ရေကြည်မြို့နယ် အသုတ်တိုက်နယ်ပြည်သူ့ဆေးရုံသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသုတ်တိုက်နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဆေးရုံပြုပြင် ထိန်းသိမ်းရေးနှင့် ဆေးရုံလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ အခြေခံဝန်ထမ်းများ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ဆေးရုံပိုင်လယ်မြေများကို စိုက်ပျိုးရေးလုပ်ငန်း စီစဉ်ဆောင်ရွက်ထားရှိသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဝန်ကြီးသည် ဇွန် ၇ ရက်နံနက် ၈ နာရီတွင် ပန်းတနော်မြို့နယ် အင်းမတိုက်နယ်ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသေနှုန်း ပိုမိုကျဆင်းရေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုကို ဆက်လက်ထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျုံပျော်မြို့နယ် အထောင်တိုက်နယ်ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက သဃ်န်းကျွန်းမြို့နယ် အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဦးရှိန်းလိန်းအောင်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီက ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း ကလေးအရာရှိချုပ် ဒေါ်မြလေး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းကျန်းမာရေး ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဦး၊ အရှေ့ပိုင်းခရိုင်ပညာရေးမှူး ဦးရှိန်းလိန်းအောင်နှင့် မြို့နယ်ပညာရေးမှူးများ၊ မြို့နယ် ကျောင်းကျန်းမာရေးဆရာဝန်များ၊ ကလေးအရာရှိများ၊ ကျောင်းလူမှုဆက်ဆံရေးမှူးများ၊ ကျောင်းကျန်းမာရေးဝန်ထမ်းများနှင့် အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၅၀၆)

နေတိုးတပ်ဖွဲ့ ထောက်ပံ့ရေးယာဉ်များကို သေနတ်သမားများ တိုက်ခိုက် အနည်းဆုံး ခုနစ်ဦး သေဆုံး၍ ယာဉ်အစီး ၅၀ မီးရှို့ဖျက်ဆီးခံရ

အစ္စလာမ္မာဘတ် ဇွန် ၉

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ပြင်ရှိ စစ်ဘက်ကုန်လှောင်ရုံစခန်းတစ်ခုကို သေနတ်သမားများက အင်္ဂါနေ့တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး အာဖဂန်နစ္စတန်ရှိ နိုင်ငံခြားတပ်ဖွဲ့များထံပေးပို့မည့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသော ကုန်တင်ကားများကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန် တာဝန်ရှိသူများ၏ အဆိုအရ ၁၀ဦးမှ ၁၅ဦးအထိ ပါဝင်သော သေနတ်သမားအုပ်စုသည် အစ္စလာမ္မာဘတ်မြို့နှင့် ၁၀ ကီလိုမီတာမျှသာ ဝေးသော နေတိုးတပ်ဖွဲ့ကုန်လှောင်ရုံကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ကုန်တင်ကားအစီး ၅၀ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ကုန်တင်ကားမောင်းသူများအပါအဝင် အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းသို့ ပါကစ္စတန်နိုင်ငံ အခြေပြု နေတိုးတပ်ဖွဲ့ထောက်ပံ့ရေး ယာဉ်များ မကြာခဏ တိုက်ခိုက်ခံနေရ ခြင်းကြောင့် အမေရိကန်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင်းသို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေးအတွက် လမ်းကြောင်းသစ်ရှာဖွေရန် ကြိုးပမ်းရတော့မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်သို့ ပို့ဆောင်မည့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသော ကုန်တင်ကားများကို စစ်သွေးကြွများ တိုက်ခိုက်ဖျက်ဆီးထားသည့်မြင်ကွင်းအား ဇွန် ၉ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ ရဟတ်ယာဉ် ပစ်ချခံရ

ကဘူးလ် ဇွန် ၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့၏ ရဟတ်ယာဉ်တစ်စင်း ဗုဒ္ဓဟူးနေ့က ပစ်ချခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကြောင်း နေတိုးအဖွဲ့နှင့် အမေရိကန် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများကပြောကြားသည်။

ပစ်ချ

စစ်သွေးကြွများက အဆိုပါရဟတ်ယာဉ်ကို ဒုံးကျည်နှစ်စင်းဖြင့် ပစ်ချခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်အဖွဲ့ပြောရေးဆိုခွင့်ရှိသူက သတင်းထုတ်ပြန်သည်။

အတည်ပြု

ယင်းဖြစ်စဉ်သည် ဟဲလ်မန်ပြည်နယ် ဆန်ဂျင်းခရိုင်၌ ဗုဒ္ဓဟူးနေ့ နေ့လယ်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဟတ်ယာဉ်ပစ်ချခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့ကြောင်း ကဘူးမြို့ရှိ အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက အတည်ပြုခဲ့သော်လည်း အသေးစိတ်အကြောင်းခြင်းရာကို ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။

ဗုဒ္ဓဟူးနေ့တွင်ပင် ဖြစ်ပွားခဲ့သော လက်လုပ်ဗုံးပေါက်ကွဲမှု တစ်ရပ်ကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရာ ကိုးရက်တာကာလအတွင်း အာဖဂန်နစ္စတန်၌ သေဆုံးခဲ့ရသော နေတိုးတပ်ဖွဲ့ဝင်ဦးရေသည် ၂၉ဦးအထိရှိပြီ ဖြစ်ကြောင်း သိရ သည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်တွင် ဩစတြေးလျတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကင်ဘာရာ ဇွန် ၉

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် တနင်္လာနေ့က လက်လုပ်ဗုံးဖြင့် တိုက်ခိုက်ခြင်းခံရ၍ ဩစတြေးလျတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း၊ အီရတ်နှင့် အာဖဂန်နစ္စတန်တွင် တပ်စွဲထားစဉ်အတွင်း တစ်နေ့တည်း တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးရခြင်းမှာ ဩစတြေးလျနိုင်ငံအတွက် ပထမဆုံးအကြိမ်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်ရှိ နိုင်ငံခြားတပ်ဖွဲ့ဝင်များအတွက် ယခုနှစ်အတွင်း တစ်ရက်တည်းနှင့် အသေအပျောက် အများဆုံးဖြစ်ခဲ့ရသော တနင်္လာနေ့ တိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦး အပါအဝင် နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့မှ စုစုပေါင်း ၁၀ ဦး သေဆုံးခဲ့ရာ ဩစတြေးလျတပ်ဖွဲ့ဝင် နှစ်ဦးလည်း ပါဝင်သည်။ အာဖဂန် ရဲတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးနေသော အမေရိကန်အရပ်သားကန်ထရိုက်တာ တစ်ဦးသည်လည်း အသေခံတိုက်ခိုက်မှုတစ်ရပ်တွင် သေဆုံးခဲ့သည်။

အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံများ၌ တာဝန်ထမ်းဆောင်စဉ် တစ်ရက်တာအတွင်း တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးရသည့်အဖြစ်နှင့် ကြုံတွေ့ရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ ခေတ္တအကြီးအကဲ ဒုတိယ ဗိုလ်ချုပ်ကြီး ဒေးဗစ်ဟာလေက ကင်ဘာရာမြို့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

၂၀၀၁ခုနှစ်မှ စတင်တွက်သော် အာဖဂန်နစ္စတန်၌ သေဆုံးခဲ့ရသော ဩစတြေးလျတပ်ဖွဲ့ဝင်များ အရေအတွက်သည် ၁၃ဦးပြည့်သွားပြီဖြစ်သည်။

သေဆုံးခဲ့သော တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်သို့ ပထမဆုံးအကြိမ်လာရောက် တာဝန်ထမ်းဆောင်ကြသူများဖြစ်ပြီး ဩစတြေးလျတပ်ဖွဲ့ဝင်များသာပါဝင်သော ခြေကျင်ကင်းလှည့်အဖွဲ့နှင့် လိုက်ပါတာဝန်ထမ်းဆောင်စဉ် ဥရုဇဂန်ပြည်နယ်၌ သေဆုံးခဲ့ကြရခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်မှထွက်ရှိသောဘိန်းဖြူများကြောင့် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း လူတစ်သန်းကျော်သေဆုံး

မော်စကို ဇွန် ၉

စစ်ဒဏ်ခံ အာဖဂန်နစ္စတန်မှ တရားမဝင်ထုတ်လုပ်ရောင်းချနေသော ဘိန်းဖြူများကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ လူတစ်သန်းကျော် သေဆုံးခဲ့ရကြောင်း ရုရှားနိုင်ငံပြည်ထောင်စု မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အေဂျင်စီအကြီးအကဲက တနင်္လာနေ့တွင် ပြောကြားသည်။

ယခုရာစုနှစ်၏ ပထမ ၁၀နှစ်တာကာလအတွင်း အာဖဂန်နစ္စတန်မှ ထွက်ရှိခဲ့သော မူးယစ်ဆေးဝါးများကြောင့် လူ တစ်သန်းကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၁၆သန်းကျော်မှာ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဝေဒနာများ ခံစားခဲ့ရသည်ဟုဆိုသည်။

ရုရှားအစိုးရ၏ထုတ်ပြန်ချက်များအရ အာဖဂန်မှဝင်ရောက်လာသော ဘိန်းဖြူများကြောင့် လွန်ခဲ့သည့် နှစ်အတွင်း ရုရှားနိုင်ငံသား ၃၀၀၀၀ အသက်ဆုံးရှုံးခဲ့ရကြောင်းသိရသည်။

ရုရှားနိုင်ငံသည် အာဖဂန်နစ္စတန်၏ တဖြည်းဖြည်းကြီးထွားလာသော မူးယစ်ဆေးဝါးကုန်သွယ်မှုနှင့် စပ်လျဉ်း၍ မကြာခဏဆိုသလို သတိပေးခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ်သူများထက် မှောင်ခိုရောင်းဝယ်သူများကိုသာ အာရုံစိုက်နှိမ်နင်းနေသော အမေရိကန်၏ မူဝါဒကို ပြစ်တင်ရှုတ်ချခဲ့သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မန်ဆာခရိုင်တွင် ဇွန် ၇ရက်က ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုကို အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား ခုနစ်ဦးသေဆုံးပြီး ၄၅ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံတစ်ဝန်း ဖြစ်ပွားသော အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် တစ်နေ့တာ အတွင်း ခုနစ်ဦးသေဆုံးပြီး ၄၅ဦး ဒဏ်ရာရရှိကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြသည်။

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ် ရာမာဒီမြို့တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ နေအိမ်ကို ဗုံးခွဲတိုက်ခိုက်ရာ အမျိုးသမီးတစ်ဦး သေဆုံး၍ ၁၀ဦး ဒဏ်ရာရရှိကာ လူနေအိမ်သုံးလုံး ပျက်စီးသွားကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

အန်ဘာပြည်နယ် ဖလူးဂျာမြို့ရှိတရားဥပဒေဆိုင်ရာ အဖွဲ့အစည်းများက ပိုင်ဆိုင်သော အိမ်လေးလုံး တိုက်ခိုက်ခံခဲ့ရခြင်းကြောင့် ၁၈ဦး ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့ တောင်ပိုင်း၌ ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်တစ်စီး လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် နှစ်ဦးသေဆုံး၍ ငါးဦး ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့ မန်ဆာခရိုင်၌ ဗုံးတစ်လုံးပေါက်ကွဲရာ တစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ဆာဒါစီးတီးဒေသတွင် ဘတ်(စ်)ကားငယ်တစ်စီးအတွင်း ထောင်ထားသော သံလိုက်ဗုံး ပေါက်ကွဲခဲ့ရာ တစ်ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိသည်။

မိုဆူးလ်နှင့် ကာကွက်မြို့များတွင်လည်း ဈေးသည် နှစ်ဦးကို အမည်မသိ သေနတ်သမားများက ပစ်ခတ်ခဲ့ရာ သေဆုံးခဲ့ကြရကြောင်း သိရသည်။

အီရတ်အစိုးရ၏ ကိန်းဂဏန်းများအရ ၂၀၁၀ခုနှစ် မေလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံတစ်ဝန်း ၃၃၇ ဦး သေဆုံးခဲ့ရကြောင်း၊ ယမန်နှစ် အလားတူ ကာလကထက် ပိုမိုများပြားလာကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် စစ်ဘက်ယာဉ်တန်းကို အီရတ်၌ ဗုံးခွဲတိုက်ခိုက်

ဘာကူဘာ ဇွန် ၉

အီရတ်နိုင်ငံ အလယ်ပိုင်းတွင် မော်တော်ဆိုင်ကယ်စီး အသေခံဗုံးခွဲသမားတစ်ဦးက အမေရိကန်စစ်ဘက်ယာဉ်တန်းကို ဗုဒ္ဓဟူးနေ့က ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အရပ်သားနှစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်သည် ဒီယာလာပြည်နယ် အယ်လ်မက်ဒါဒီယာမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ ဟမ်းဗီးသံချပ်ကာယာဉ်တစ်စီးလည်း ပျက်စီးခဲ့ရကြောင်း ဒီယာလာစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ အမေရိကန်စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများက မည်သည့် သုံးသပ်ပြောဆိုမှုမျှ မပြုလုပ်သေးပေ။

အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် အချိန်ကြာမြင့်လာသည်နှင့်အမျှ စစ်သွေးကြွများက အီရတ်နိုင်ငံကို တည်ငြိမ်မှုပျက်ပြားစေရန် ပိုမိုလုပ်ဆောင်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်။***

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၇၁၃ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၆၈၅၅၄ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၁၇၁၃ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၈၅၅၄ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇွန် ၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၈၈၁ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၃၉၇ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၂၈၈၁ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၃၉၇ ဦး

အင်တာနက်။

ကိုရီးယား-အာဆီယံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ကိုရီးယား-အာဆီယံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေး တတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၉

ကိုရီးယား-အာဆီယံ အိမ်တိုင်ရာရောက်သက်ကြီးရွယ်အို စောင့်ရှောက်ရေး တတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးမောင်မောင်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးမောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားရာ၌ သက်ကြီးရွယ်အို ဘိုးဘွား၊ မိဘများအပေါ် စာနာဆပ္ပားတန်ဖိုးထားပြီး ပြုစုစောင့်ရှောက်တတ်သည့် မြန်မာတို့၏ ဓလေ့စရိုက် အစဉ်အလာကို ပျက်ယွင်းမသွားအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရေး၊ ဘိုးဘွား၊ မိဘများနှင့်အတူ လက်ရည်တစ်ပြင်တည်း စုစည်းနေထိုင်သည့် Extended Family System ကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်ရေး၊ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ဘိုးဘွားရိပ်သာများ ရေရှည်တည်တံ့ ခိုင်မြဲအောင် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရင်ပေါင်တန်းပြီး ဆောင်ရွက်နေသော အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေး စီမံကိန်းကြီး အရှိန်အဟုန်မြင့်မားလာအောင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး၊ သက်ကြီးရွယ်အို ကူညီစောင့်ရှောက်ရေးအသင်းများ မြန်မာနိုင်ငံအနှံ့အပြား၌ ဖွဲ့စည်းထူထောင်နိုင်အောင် အားထုတ်ကူညီပေးကြရေးနှင့် ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးကြရေးတို့ကို အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက ASEAN Strategic Frame Work ရေးဆွဲရာ၌ အထောက်အကူပြုအချက်အလက်များ ရရှိနိုင်ရန် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို အစိုးရ၊ လူမှုရေးအသင်းအဖွဲ့နှင့် ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်နိုင်ရန်ဟူသော ရည်ရွယ်ချက်များနှင့်အညီ ဝိုင်းဝန်းဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

CITY Golf Resort Hotel ဆောက်လုပ်ပြီးစီးမှု ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးလှအေးနှင့် ဌာနမှူးများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် လမ်းများ အဆင့်မြင့်ရေးအတွက် အင်ဂျင်နီယာဌာန(လမ်း နှင့်တံတား)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းများနှင့် အင်ဂျင်နီယာဌာန(အဆောက်အအုံ) က တည်ဆောက်ပြီးစီးနေသော CITY Golf Resort Hotel တို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ် အမှတ် (၇) ရပ်ကွက်ရှိ ၁၂ လမ်းနှင့် ပတ်လမ်းများ ကျောက်ချောကတ္တရာလမ်းခင်းရန် ကျောက်စီခင်းကျင်းပြီးစီးမှု၊ ကတ္တရာဖျန်းစက်ယာဉ်ဖြင့် ကတ္တရာဖျန်းခင်းနေမှု နှင့် ၁၁ လမ်းအား ကတ္တရာကွန်ကရစ်လမ်းခင်းကျင်းပြီးစီးမှုကို လည်းကောင်း၊ အမှတ် (၁၄)ရပ်ကွက် အမှတ်(၂၇) အခြေခံပညာ မူလတန်းကျောင်းရှေ့၌ အားကစားကွင်း ပြုလုပ်ထားရှိမှု၊ ကြက်မောက်လမ်းသွယ် (၂) ကွန်ကရစ်လမ်း ခင်းကျင်းပြီးစီးမှုနှင့် လမ်းသွယ်(၁)အား ကွန်ကရစ်လမ်းခင်းကျင်းနေမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်သည် အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်း၌ အင်ဂျင်နီယာဌာန (အဆောက်အအုံ)က ဆောင်ရွက်ပြီးစီးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် CITY Golf Resort Hotel တိုးချဲ့ငါးထပ် အဆောက်အအုံတည်ဆောက်ပြီးစီးမှုနှင့် အိပ်ဆောင်၊ နားနေခန်းများ ဖွဲ့စည်းပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဒေါက်တာဇော်ဝင်းက ဟိုတယ်အဆောက်အအုံ တစ်ထပ်ချင်းအလိုက် ဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

(၁၉)

တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ဖျော်ဖြေတင်ဆက်မည်

ရန်ကုန် ဇွန် ၉

၂၀၁၀ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့” အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော “ တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ ” ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယခင်နှစ်များကဲ့သို့ အများပြည်သူများကို ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

တင်ဆက်ပြသမည်

ယနေ့ခေတ် တက်သစ်စ မင်းသမီးလေးများ၊ သရုပ်ဆောင်မင်းသမီးပေါင်းများစွာနှင့်အတူ Star & Model အေဂျင်စီမှ မော်ဒယ်လေးများက တိုင်းရင်းသားမျိုးနွယ်အလိုက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို တင်ဆက်ပြသသွားမည်ဖြစ်သည်။ ထို့အပြင် ပရိသတ်အကြိုက် အဆိုတော်များ၏ တေးသီချင်းများဖြင့် ဖျော်ဖြေမှုများ၊ Five Stars လူရွှင်တော်အဖွဲ့နှင့် ဝက်မတို့၏ တစ်ခန်းရပ်ဟာသဇာတ်လမ်းများလည်း ပါဝင်မည်ဖြစ်သည်။

အမျိုးသားဇာတ်ရုံ

အဆိုပါပြပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ညစဉ် ၆ နာရီခွဲ၌ ပြသဖျော်ဖြေမည်ဖြစ်ပြီး ဝင်ကြေးလက်မှတ်များကို ငွေကျပ် ၁၀၀၀၀၊ ငွေကျပ် ၇၀၀၀၊ ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။ လက်မှတ်များကို ဇွန် ၂၀ ရက်မှစတင်၍ အမျိုးသားဇာတ်ရုံ၊ Uncle SAM ဆိုင်များ၊ FMI Centre၊ ရန်ကင်းစင်တာ၊ ဒဂုန်စင်တာနှင့် BAK ဆိုင် များတွင် စတင်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၉

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ အသင်းတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က ယမန်နှစ်ပြိုင်ပွဲများအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူအသီးသီးက ပြိုင်ပွဲကျင်းပရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြကာ အသင်းများကို မဲနှိုက်၍အုပ်စုခွဲကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၀ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲသို့ နေပြည်တော် ဝန်ကြီးဌာနအသင်း ၃၅ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း သူငွေးရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သံတွဲမြို့ သူငွေးရေလှောင်တမံ ဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဇွန် ၇ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူငွေးချောင်းပေါ်တွင် အမှတ်(၆)တည်ဆောက်ရေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သူငွေးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေလွှဲဥမင်လိုဏ်အထွက်ပိုင်းရှိ ဥမင်လိုဏ်အမှတ်(၁)တူးဖော်နေမှုနှင့် ရေလွှဲဥမင်လိုဏ် မြေကြီး/ကျောက်သားခိုင်ခံ့မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြစ်အထက်ပိုင်းရှိ ရေလွှဲဥမင်လိုဏ်အဝင်ပိုင်း၊ ဥမင်လိုဏ်အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် ဥမင်လိုဏ်တူးဖော်နေမှုနှင့် Steel Lining လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေလွှဲဥမင်လိုဏ်မြေကြီး/ ကျောက်သားများ ခိုင်ခံ့စေရန်အတွက် Rock Bolt Installation လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ပင်မတမံမြေကြီး ကျောက်သားတူးဖော်ပြီးစီးမှုနှင့် တမံအုတ်မြစ်စိမ့်ရေတားနံရံ (Diaphragm Wall) လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့အား ရှင်းလင်းဆောင်၌ တည်ဆောက်ရေး ညွှန်ကြားရေးမှူးဦးစန်းဝေက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း မိုးရာသီ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘေးအန္တရာယ်လုံခြုံရေးကို အထူးဂရုစိုက်ကြရန် မှာကြားကာ စီမံကိန်းရှိ ဝန်ထမ်းများအား သီးသန့်တွေ့ဆုံ၍ လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၆-၂၀၁၀ (ကြာသပတေးနေ့)

(၁၃၇၂ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅	၆။ အတီးပြိုင်ပွဲ
၈:၁၀	၇။ အကပဒေသာ
၈:၂၀	၈။ "ဒီအိုတီအက်စ်"
၈:၃၀	၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၄၀	၁၀။ International News
၈:၄၅	၁၁။ တေးဂီတအစီအစဉ်
၉:၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀	၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (Delta United F.C နှင့် Southern Myanmar F.C)
၅:၀၀	၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၀	၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၂၅	၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀	၅။ "ရင်ခုန်စောင့်စားကမ္ဘာ့ဖလား" (အုပ်စု-H)
၅:၄၅	၆။ တေးဂီတအစီအစဉ်
၆:၀၀	၇။ ညနေခင်းသတင်း
၆:၁၅	၈။ မိုးလေဝသအခြေအနေ
၆:၂၀	၉။ ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ"(အပိုင်း-၁၀) (ငြိမ်းချမ်း၊ သူရလင်း၊ စုပုံချစ်) (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀	၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀	၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယပိုင်း)(အပိုင်း-၈)**
၈:၀၀	၁၂။ ပြည်တွင်းသတင်း
	၁၃။ နိုင်ငံတကာသတင်းများ
	၁၄။ မိုးလေဝသအခြေအနေ
	၁၅။ စည်းလုံးတဲ့မြေ [စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ တေးရေး-မောင်သဲကြည် (မအူပင်)]
	၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၂၂)**
	၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၅၀)**
	၁၈။ အစီအစဉ်ပြီး၏။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၉

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသဘော်ကျင်း ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွန့်နှင့် ဌာနမှူးများက ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ပေးအပ်ပွဲ အခမ်းအနားတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းမိသားစုများ၏ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၌ ပညာသင်ကြားလျက် ရှိသည့် ကျောင်းသား၊ ကျောင်းသူ ၂၂၅၆ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၀၇ သိန်း ငါးသောင်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပ

ပြည် ဇွန် ၉

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကို ပြည်ခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူး၍ ဇွန် ၅ ရက်နှင့် ၆ ရက်များတွင် နံနက် ၉ နာရီမှစ၍ ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကာတွန်းပြိုင်ပွဲဝင် ၂၀၊ ပန်းချီပြိုင်ပွဲဝင် ၃၄ ဦး၊ ပိုစတာပြိုင်ပွဲဝင် ၂၀၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင် ခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှကျင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။

(ခရိုင်ပြန်/ဆက်)

ကျွန်း၊ သစ်မာနှင့် ထင်းစိုက်ခင်းများ စိုက်ပျိုး

ရန်ကုန် ဇွန် ၉

သစ်တောဦးစီးဌာန ရန်ကုန်တိုင်း ညွှန်ကြားရေးမှူး ဦးဝင်းမြင့်သည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့်အတူ ဇွန် ၇ ရက်က တိုက်ကြီးမြို့နယ်အတွင်း ၂၀၁၀ ခုနှစ် မိုးရာသီ ပျိုးပင်များ ဖြန့်ဝေပြီးစီးမှုနှင့် တိုက်ကြီးကုန်းရွာတွင် တစ်ရွာတစ်ဧက ထင်းစိုက်ခင်း စိုက်ပျိုးထားရှိသည့် အခြေအနေအား ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

တိုက်ကြီးမြို့နယ်အနေဖြင့် ယခုနှစ် မိုးရာသီတွင် လူတစ်ဦး ကျွန်းတစ်ပင်အတွက် ကျွန်း ၅၇၂၀၆ ပင်၊ တစ်အိမ်ထောင် သစ်မာအပင် ၂၀ နှုန်းဖြင့် အပင် ၁၁၅၁၆၀ နှင့် တစ်ရွာ တစ်ဧက ထင်းစိုက်ခင်း ၁၁ ဧက တို့ကို ဖြန့်ဝေစိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၂၆)

စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိ

ရန်ကုန် ဇွန် ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၇ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ပထမဆုရ ထင်လင်းကျော် ရေးသားသည့် "အောင်ဘာလေထီသမိုင်း"စာအုပ်ကို ဖြန့်ချိ ရောင်းချနေပြီဖြစ်သည်။

ယင်းစာအုပ်မှာ လွန်ခဲ့သည့်နှစ်ပေါင်း(၇၀)ခန့်ကတည်းက မြန်မာနိုင်ငံတွင် စတင်ခဲ့သည့် အောင်ဘာလေသိန်းဆုဌာနခွဲ၏ ပြောင်းလဲမှုဖြစ်စဉ်များကို စာရေးသူက သမိုင်းဆိုင်ရာရှုထောင့်မှ သုတေသနပြုလျက် ရှားပါးထီလက်မှတ်ဓာတ်ပုံ၊ ရုပ်ပုံများ ဖော်ပြပြုစုထားသောစာအုပ်ဖြစ်သည်။ ထို့ပြင် ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်ထီဖွင့်ပွဲများမှသည် မျက်မှောက်ခေတ်ကာလ ယနေ့ခေတ် အောင်ဘာလေထီသိန်းဆုဌာနခွဲ၏ အဆင့်ဆင့်ဆောင်ရွက်မှုများတွင် ဥပဒေ၊ နည်းဥပဒေ၊ နေရာဌာန၊ ဆုငွေတန်ဖိုး စသည့် ပြောင်းလဲမှုအဆင့်ဆင့်တို့ကို စိတ်ဝင်စားဖွယ် တင်ပြရေးသားထားသည့် စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၈နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ ဇမိရတနာဈေး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများက ဇာတ်တိုက်လေ့ကျင့်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပသော တတိယအကြိမ် မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၁၉ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် Royal Mingalardon Country Golf Club ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် အင်ဂျင်နီယာများသည် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံး ဦးစိုးလွင်ထံ ဇွန် ၁၅ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ စာရင်းများ ပေးပို့ရမည်ဖြစ်ပြီး ဆုများကို အသက်(၆၀) အောက်နှင့် (၆၀)အထက်ဟု အုပ်စုနှစ်စုခွဲ၍ ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ် အချက်အလက်များကို ဖုန်း- ၀၁-၅၁၉၆၇၆/ Ext: ၂၁၁၊၀၁-၅၁၉၈၅၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဟင်္သာတမြို့နယ် ဧရာဝတီ- ဟင်္သာတ ကမ်းနားတာများ၏ ရေဘေး အန္တရာယ်ကြိုတင် ကာကွယ်ရေး အတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦး တာများကြံ့ခိုင်မှု လှည့်လည်ကြည့်ရှု ငဝန်မြစ်ဖြတ်မြောင်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ရန်ကုန် ဇွန် ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ဟင်္သာတမြို့နယ် ဧရာဝတီ-ဟင်္သာတတာ၊ ဟင်္သာတ ကမ်းနားတာများ၏ ကြံ့ခိုင်မှု၊ ကမ်းပါးကာကွယ်ထားမှု၊ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ငဝန်မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးအတွက် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်နေသော ငဝန်မြစ်ဖြတ်မြောင်းသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ငဝန်မြစ် ရေစီးကြောင်းပြောင်းလဲရန် စက်ယန္တရားကြီးများဖြင့် ဖြတ်မြောင်း တူးဖော်နေမှု၊ ဖြတ်မြောင်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ငဝန်မြစ်အနောက်ဘက်ကမ်း ထူပါရုံ စေတီတော်မြတ်ကြီးအနီး မြစ်ကမ်းပြိုနေမှုနှင့် ကမ်းပါးပြိုကျမှုကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကာကွယ်ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မှာကြားခဲ့သည်။

အဆိုပါ ငဝန်မြစ်ဖြတ်မြောင်းသည် လေးမျက်နှာမြို့နယ် သောင်သူရွာအနီး ငဝန်မြစ် အရှေ့ဘက်ကမ်း၌ တည်ရှိပြီး အလျားပေ၂၂၀၀၊ အနက် ၁၂ပေနှင့် အကျယ် ၇၂ပေရှိကာ လုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ငဝန်မြစ် အနောက်ဘက်ကမ်း ပြိုကျမှုများအတွက် သက်သာမှုရှိမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောင်းသားလူငယ် ကျင့်စေဖွယ်

- ❑ ကျောင်းသားလူငယ်၊ ကျင့်စေဖွယ်
  သွယ်သွယ်ဝတ္တရား။
- ❑ ဆရာကြွလာ၊ ဆီးကြိုပါ
  လျင်စွာ ပျပ်ဝပ်တွား။
- ❑ ပညာကိုသင်၊ နေ့စဉ်ပင်
  ပျော်ရွှင်စိတ်ကိုပွား။
- ❑ ကြီးငယ်ရိုသေ၊ ကျင့်ဆောင်လေ
  မသွေအကျိုးများ။
- ❑ သင်ပြီးသောစာ၊ ပြန်ဖတ်ပါ
  စိတ်မှာ စွဲဆောင်ထား။
- ❑ ကျောင်းစည်းကမ်းတွေ၊ လိုက်နာလေ
  မှန်ပေ တိုးတက်ပွား။
- ❑ ကျန်းမာသန့်ရှင်း၊ နေထိုင်ခြင်း
  လွတ်ကင်းရောဂါများ။
- ❑ လမ်းညွှန်ပေးဆက်၊ စွဲမှတ်လျက်
  လေးနက် ဒို့ကြိုးစား။ ။

နင်းမောင်(ဇီးကုန်း)

ဝန်ကြီး ဦးသိန်းအောင်အား စင်ကာပူညွှဲအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်အား စင်ကာပူသမ္မတနိုင်ငံ Wildlife Reserves Singapore မှ Group CEO Ms. Fanny Lai ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ စင်ကာပူနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော တိရစ္ဆာန်ဥယျာဉ်နှင့် သားငှက်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုသော လုပ်ငန်းရပ်များ၊ တိရစ္ဆာန်လဲလှယ်ရေးကိစ္စအပါအဝင် ကျွမ်းကျင်မှု အကူအညီပေးရေး၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး၊ တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးနှင့် တိရစ္ဆာန်ထိန်းများအား လေ့ကျင့်ပညာပေးရေး၊ တိရစ္ဆာန်လေ့ကျင့်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့်တင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်အား စင်ကာပူသမ္မတနိုင်ငံ Wildlife Reserves Singapore မှ Group CEO Ms. Fanny Lai ဦးဆောင်သော အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဇွန် ၉

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာ ပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀''×၁၄'' အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(ဂ) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။

(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများ မဖြစ်ရပါ။

(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

(စ) ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဆ) မိမိတို့၏ ပြိုင်ပွဲဝင်ဓာတ်ပုံများအား Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် အထူးဆု ငွေကျပ်တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ ဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား (Canon SLR ကင်မရာ EOS-1000D with 18-55mm Lens) ကိုလည်းကောင်း၊ ဒုတိယဆုရရှိသူအား (Canon Compact Digital ကင်မရာ LXUS-951S)ကိုလည်းကောင်း၊ တတိယဆုရရှိသူအား (Canon Compact Digital ကင်မရာ Power Shot A-480) ကိုလည်းကောင်း၊ အထူးဆုရရှိသူများအား ငွေကျပ် ၇၀၀၀၀ တန် Canon Showroom တွင် ဈေးဝယ်ခွင့်ကူပွန်များကိုလည်းကောင်း ဆုများပါဝင်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ ဇွန် ၈ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအဖြစ် ငုဝါပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (အမျိုးသမီးရေးရာ)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးမောင်စန်းနှစ်(၉၀) ပြည့်မွေးနေ့အလှူအဖြစ် ဆွမ်းပဒေသာပင်နှင့် တစ်နေ့စာအထူးကျွေးမွေးရန်အတွက် အလှူငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းစဉ်။ (ကြေးမုံ)

စိုက်ပျိုးမြေဧက ၈၀၀၀ ကို စိုက်ပျိုးရေပေးဝေမည့် နေပြည်တော် လယ်ဝေးမြို့နယ် ပန်းညိုစမ်းရွာအနီးရှိ ချောင်းမငယ်ရေလှောင်တမံ။

*** ချောင်းမငယ်ဆည်ရေမှ**

သို့သော် ကိစ္စမရှိ။ နေ ထန်းတစ်ဖျားသာသာရှိ၍ မှန်းမတည့်မီ ချောင်းမငယ်တမံသို့ ရောက်နိုင်သည်ဟု မှန်းဆကာ အပြန်ခရီးကို တွက်ချင့်ပြီး ကြေးမုံသတင်းအဖွဲ့ ခရီးဆက်ခဲ့ပြီ။ တမံဘေးဝဲယာ မျက်စိတစ်ဆုံးတွင် စိမ်းလဲ့သော နွေစပါးခင်းများက ဆင့်၍ဆင့်၍စိမ်း။ တစ်နည်းဆိုသော် မြသားကမ္ဗလာ။

တမံဘေးတစ်ဖက်တွင် ချောင်းမငယ်ရေလှောင်တမံ၏ မြောင်းမတော် (Main Cannal) မှာ ရေတဖွေးဖွေးဖြင့် စိမ်းမြသောလယ်ကွင်းကို ငွေရောင်အနားကွပ်ထားသည့်နှယ်။

"အောင်းကုန်းကြီး ရွာသား ဦးသန်းလှိုင်က ဒေသဖွံ့ဖြိုးရေး ဆက်လုပ်ချင်ပါသေးသည်ဟု ဆို၏"

နေပြည်တော်လယ်ဝေးမြို့နယ်၏ နွေစပါး စိုက်ပျိုးထုတ်လုပ်မှုတွင် အသစ်ဖြစ်ထွန်း ပေါင်းထည့်လာမည့် ချောင်းမငယ်ရေလှောင်တမံ စီမံကိန်း၏ အကျိုးသက်ရောက်မှုကို ရှေ့မဆွပင် ကြုံတွေ့လိုက်ရပြီမို့ အဝါထဲတွင် အစိမ်းဆင့်ရခြင်းကို အံ့ဖွယ်ဟုမဆိုသာပြီ။

မြို့နယ်စိုက်ပျိုးရေး မန်နေဂျာက "ဒီဒေသမှာ နွေစပါးစိုက်ပျိုးရန် လျာထားဧက ၁၃၅၀ ရှိပါတယ်။ ၂၀၀၉-၂၀၁၀ နွေစပါး ရာသီဟာ ဒီဒေသရဲ့ ပထမဆုံး နွေစပါးစိုက်ပျိုးမှု ဖြစ်တဲ့အတွက် အမှန်စိုက်ဧက ၁၄၄၂ ဧက စိုက်ပျိုးပြီးပါပြီ။ ကျေးရွာအုပ်စု တစ်ခုချင်းအနေနဲ့ပြောရရင် မဒေါ့ပင်ကျေးရွာအုပ်စုမှ ၄၆၁ ဧက၊ ပေတုံးမြောင်ကျေးရွာအုပ်စုမှ ၅၅၂ ဧက၊ တလုပ်ပင်ကျေးရွာအုပ်စုမှ ၁၁၂ ဧကနှင့် ရှမ်းစုကျေးရွာအုပ်စုမှ ၃၁၇ ဧကတို့ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ စပါးမျိုးကတော့ သက်တမ်းရက် ၁၁၀ ရှိတဲ့ ရွှေသွယ်ရင် စပါးမျိုးတွေပါ။ မိုးစပါးကတော့ ဒီတစ်ကွင်းအပြည့် ဧက ၃၀၀၀ စိုက်မှာပါ။ အများစုကတော့ မနောသုခ စပါးမျိုးကို စိုက်ကြပါတယ်။ နေပြည်တော်လယ်ဝေးတစ်မြို့နယ်လုံးရဲ့ နွေစပါးစိုက် ဧကက ၃၄၀၇ ဧကရှိပြီး ဆည်ရေသောက် ၁၉၄၈ ဧက၊ မြစ်ရေတင် ဧက ၁၂၀၀ နဲ့ ရေစုပ်စက် ဧက ၂၅၉ ဧက ဖြစ်ပါတယ်။ အရင်က မိုးစပါးအပြီးမှာ မတ်ပဲကို စိုက်ကြပါတယ်။ ဒီနှစ်မတိုင်ခင် ဆည်ရေမရခင်ကတော့ နှမ်းနှင့်မြေပဲ စိုက်တဲ့မြေတွေပါ"ဟု စကားကို အဆုံးသတ်လိုက်သည်။

မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ၏ စိုက်ပျိုးရေးစစ်တမ်းတစ်ပိုင်းတစ်စကို အမိအရ အာရုံစိုက်မှတ်သားနာယူရင်း ဆည်နှင့် လယ်တို့ ငွေဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ ယှဉ်တွဲဖြစ်ထွန်းမှုကို အပြည့်အဝ ဆင်ခြင်သဘောပေါက်လိုက်သလို ဒီပုဂ္ဂိုလ်တွေ တမံပိတ် မြောင်းဖော်ကတည်းက ဆည်ရေအသုံးပြုပြီး စိုက်ချင်ပျိုးချင်ဖြစ်နေမှာပဲဟု တိတ်တဆိတ် မှတ်ချက်ချမိသည်။

နာရီဝက်သာသာ ခရီးဆက်မိသော အခါ လမ်းတစ်ထောက်နားရာ ကျောက်တလုံးကျောင်းစုရွာကလေးသို့ ရောက်၏။ မော်တော်ယာဉ်ခရီးကား ဤတွင်ဆုံးလေပြီ။ နှစ်မိုင်နီးပါးအကွာရှိ ချောင်းမငယ်တမံသို့ မော်တော်ဆိုင်ကယ်များဖြင့် ခရီးဆက်ကြ၏။

ချောင်းမငယ်တမံ၏ မြောင်းမတော်က ဆိုင်ကယ်လမ်းနှင့် ပူးတုံခွာတုံ၊ တမံအခြေ ရောက်သည်အထိ တည်ရှိနေသည်က စပါးခင်းများ။ လမ်း၏ လက်ဝဲဘက် တောင်ပူစာများပေါ်တွင် လူနေအိမ်တချို့နှင့် ပန်းညိုစမ်းရွာ။

တောင်ရိုးတောင်စွယ် လျှိုမြောင်များကြားမှ မြေပြန့်လွင်ပြင်တွင် စပါးခင်းများတည်ရှိနေ၍ မိုးစပါးကောင်းစွာဖြစ်ထွန်းမည်မှာ အသေအချာပင်။ ယခုလို ခြောက်သွေ့သော နွေကာလ၌ စိမ်းလန်းသော စပါးပင်တို့ ဖြစ်ထွန်းရှင်သန်နေခြင်းမှာ ချောင်းမငယ်ရေလှောင်တမံ ဖြစ်တည်လာခြင်းကြောင့်ပင်။ ဒေသခံ တောင်သူလယ်သမားတို့ စပါးနှစ်သီး စိုက်ပျိုးနိုင်ပြီး ဝင်ငွေတိုးကာ လူမှုဘဝ ဖွံ့ဖြိုးလာတော့မည်ကို မှန်းဆကြည့်ကာ မုဒိတာပွားမိသည်။

မတ်စောက်သော ဆည်တမံထိပ်ကို မော်တော်ဆိုင်ကယ်ဖြင့် တစ်ရှိန်ထိုး တက်ရောက်လိုက်ကြသည်။ ပြာလဲ့သော ကောင်းကင်နှင့် ဝင်းပသော နေခြည်အောက်တွင် ဆည်ရေပြင်က တည်ငြိမ်စွာ။ တစ်ဖက်ကမ်း တောညို့ညို့အလယ်မှ တမံဦးစေတီကို ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ခရီးရောက်မဆိုက်ပင် ရှင်းလင်းဆောင်သို့ဝင်ကာ တာဝန်ရှိသူတို့နှင့် တွေ့ဆုံ၍ တမံဆိုင်ရာ အချက်အလက်တို့ကို စေ့ငုရသည်။

နှစ်စဉ် မိုးရေချိန်လက်မ ၅၀ ခန့် ရွာသွန်းသောဒေသ၊ နေပြည်တော် လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီး ချောင်းမငယ်ချောင်းကို တမံပိတ်ကာ ရေအရင်းအမြစ် စုဆောင်း၍ စိုက်ရေ ပျိုးရေဖြန့်ဝေပေးမည့် ဤတမံကို ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့ကြောင်း သိရသည်။

တမံအလျားပေ ၂၁၅၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၉၆ ပေရှိကာ ရေဆင်းဧရိယာမှာ ၁၀၃ စတုရန်းမိုင်ရှိသည်။ ကန်ရေပြည့်ဧရိယာ ၁၁၄၈ ဧကနှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၉၁၇၇၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၁၅၃၀၀ နှင့် ရေအားလျှပ်စစ် ထုတ်ယူနိုင်မှု ၅၀ ကီလိုဝပ်ဖြစ်ကြောင်း မှတ်သားရသည်။

ဆည်ရေသောက်စနစ်အဖြစ် တူးမြောင်းမကြီး အလျား ၁၀ မိုင်နှင့် တူးမြောင်းအဆောက်အအုံ ၁၂၆ ခု ရှိကာ ဆည်ရေသောက် ဧရိယာဧက ၈၀၀၀ ဖြစ်သည်။ ရှင်းလင်းဆောင်မှ ထွက်ကာ တမံပေါင်တစ်လျှောက် အညောင်းပြေလျှောက်ကြသည်။ ရေပိုလွှဲဘက်သို့လည်း ရောက်ခဲ့သည်။ ရေပိုလွှဲသည် အကျယ်ပေ ၈၀ ရှိပြီး အလျားပေ ၅၉၀ ရှိသည်။ ယင်းမှ ရေထိန်းမျှော်စင်သို့ကူးကာ ဆည်ရေပြင် တစ်ပြန့်တစ်ပြောကို ငေးမောကြည့်ခဲ့လေသည်။ ရေထိန်းမျှော်စင်၏အခြေတွင် ရေထုတ်ပြွန်ကို တွေ့ရသည်။ သံကူကွန်ကရစ် ရေထုတ်ပြွန်မှာ ၆ ပေ × ၄ ပေ ဖြစ်ပြီး အလျား ၃၈၉ ပေရှိသည်။

ရေထိန်းမျှော်စင်မှအပြန် စကားဝိုင်းဖွဲ့ကြပြန်ရာ ရွာသားတစ်ဦးက ဤဆည်မှာ ရေနေရေထိုင် ကောင်းသည်ဟု ဝမ်းသာအားရဆို၏။ "နွေစပါး တစ်ဧကအတွက် ရာသီကုန်သည်အထိ ရေ ခုနစ်ဧကပေ ပေးရပါတယ်၊ အခု လက်ရှိအနေအထားအရ ကျွန်တော်တို့ ဆည်မှာ သိုလှောင်ထားတဲ့ ရေပမာဏဟာ လက်ရှိစိုက်ပျိုးနေတဲ့ မြေဧရိယာရဲ့ ရေလိုအပ်ချက်ထက် သုံးဆရှိပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ပြောဆိုသည်။

"မနှစ်က ၂၀၀၉ မိုးစပါးစိုက်ရာသီမှာ မိုးရေချိန်လက်မ မပြည့်မီဘူး၊ မိုးနည်းတယ်ပေါ့ဗျာ၊ ၃၅ လက်မပဲရွာတယ်၊ ဒီအောက်ကွင်းမှာ စပါးအောင်ရေအတွက် ဆည်ရေစမ်းသပ်လွှတ်ပြီး အောင်ရေဖြည့်ပေးခဲ့ရတယ်၊ ဒါနဲ့ တစ်ဆက်တည်းပဲ ဒီနှစ်နွေစပါးအတွက်ပါ ဆည်ရေပေးလိုက်တော့တာပါပဲ" ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက ဆိုသည်။ ဤသို့ လိုအပ်ချိန်တွင် အောင်ရေ ဖြည့်ဆည်းပေးနိုင်ခြင်းမှာလည်း လာခြင်းကောင်းခဲ့သော ချောင်းမငယ်တမံကြောင့်ပင်။ ဤတမံသည် တောင်သူများအကျိုးကို အစဉ်သယ်ပိုးနေဦးမည်မှာ ဧကန်ပင်ဖြစ်သည်။

ချောင်းမငယ် ရေလှောင်တမံ၏ ဆည်ရေသောက်ဧရိယာ အထက်ပိုင်းသည် နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး၏ အနောက်ဘက်ခြမ်းတွင် ဧက ၃၀၀၀ ဖြစ်ပြီး လမ်းအရှေ့ဘက်ရှိ ဆင်အုံကန်ကြီးအတွင်းသို့ ရေကူးဖြည့်သွင်းကာ ဆင်အုံကန်၏ မူလရေသောက်ဧရိယာ ဧက ၅၀၀၀ ခန့်ကိုပါ ရေပေးဝေနိုင်မည်ဟု သိရသည်။ ချောင်းမငယ် မြောင်းမတော်သည် ဆင်အုံကန်၏ အဓိက ရေကူးအဖြစ် အသွင်ပြောင်းသွားမည်ဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် မတ်စောက်သော တမံပေါင်ကို ဆိုင်ကယ်ဖြင့် အပြေးဆင်းကြသည်။ အနောက်တောင်ထောင့်တွင် တိမ်ညိုတို့ ရစ်သိုင်းလာ၏။ ဆည်ပေါင်ရိုးမှာ မိုးစိုမခံဝံ့ပြီ။ ပန်းညိုစမ်းရွာထိပ်အရောက်တွင် လယ်သမားကြီး ဦးအေးသောင်နှင့် လမ်းခုလတ် မတ်တတ်စကားဆိုခဲ့သည်။ ဤဒေသရှိ လယ်သမားတို့ ထုံးစံအတိုင်း ဦးအေးသောင်လည်း ယခင်က မိုးစပါးနှင့် မတ်ပဲ နှစ်သီးသာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခု ဆည်ရေရတော့ နွေစပါးပါ စိုက်ပျိုးခဲ့သည်ဟု ဆိုသည်။ ဦးအေးသောင်၏ စပါးခင်းသည် ဆည်ရေသောက် ဧကများစွာထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဒီနှစ် နွေစပါးကို ဧပြီလကုန်တွင် စိုက်ပျိုးခဲ့ပြီး ဩဂုတ်လဆန်း၌ ရိတ်နိုင်မည်ဟု သိရသည်။ ရွှေသွယ်ရင်စပါးမျိုးကို စိုက်ပျိုးထားပြီး ယင်းမျိုးက သက်တမ်းတို၍ အထွက်ကောင်းသည်ဟုလည်း ဆိုကာ စကားကို အဆုံးသတ်သည်။

ကြေးမုံသတင်းအဖွဲ့က ချောင်းမငယ်ဆည်က စပါးစိုက်ဖို့ ရေရတဲ့အပြင် အခြားဘာများ အကျိုးပြုပါသလဲဟူသောအမေးကို အနည်းငယ်စဉ်းစားဟန်ပြု၍ လမ်းပန်းဆက်သွယ်ရေး ကောင်းသွားတယ်ဟု ပြန်ဖြေသည်။ ဆက်၍ "ဆရာတို့ အခုလာတဲ့လမ်းက တာပေါင်ရိုးပါ၊ ကားရော ဆိုင်ကယ်ပါ အသုံးပြုလို့ ရပါပြီ၊ အရင်ကဆိုရင် သွားရေးလာရေး သိပ်ခက်တယ်၊ မိုးအခါ အဆိုးဆုံးပဲ၊ အခုတော့ မိုးတွင်းတောင် အရင်ကလို မခက်တော့ဘူး" ဟု လေးလေးနက်နက် ဆိုပါသည်။

ဦးအေးသောင်ကို နှုတ်ဆက်ပြီး မိုးလွတ်အောင် ခပ်သွက်သွက် ထွက်ကြရင်း မဒေါ့ပင်ရွာထိပ်၌ လယ်သမားကြီး ဦးသန်းလှိုင်နှင့် ဦးမောင်အေးတို့နှင့် ခေတ္တခဏ စကားပြောဖြစ်သည်။ မဒေါ့ပင်ရွာသား ဦးမောင်အေးက စပါးအကြောင်း၊ ဆည်အကြောင်း တခြားသူတွေ ပြောပြီးဖြစ်၍ အထူးမပြောလိုတော့ကြောင်း၊ သွားရေးလာရေး အဆင်ပြေသွားပုံသာ ပြောတော့မည်ဟု ဆိုသည်။ "အရင်က ဒီဒေသမှာ ဆားတစ်ပိဿာ ကျပ်တစ်ရာဆို၊ သယ်ခကလည်း ထိုနည်းလည်းကောင်းပဲ၊ နာရေးဖျားရေးရှိလို့ကတော့ စောင်ပုခက်နဲ့ ဗွက်ရှန်းကြပေါ့ကွာ၊ အခုတော့ တော်တော်မှ တော်တော့်ကို အဆင်ပြေနေပါပြီဗျာ၊ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေနဲ့ တာပေါင်ရိုးဆုံးတာနဲ့ အမြန်လမ်းမေးတင်လို့ဗျာ" ဟု အားပါးတရ မြွက်ဟသည်။

လယ်သမားကြီး ဦးသန်းလှိုင်ကား အောင်းကုန်းကြီးကျေးရွာမှ ဖြစ်သည်။ မဟာသိပ္ပံဘွဲ့ရ ပညာတတ်ဖြစ်သော်လည်း လယ်ယာမြေကို ဖက်တွယ်ထားဆဲဖြစ်သည်။ လယ်ဧက အတော်များများရှိပြီး မိုးစပါးနှင့် မတ်ပဲအထွက်ကောင်းသူ တစ်ဦးလည်းဖြစ်၊ နွေစပါး စိုက်ပျိုးရန်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူလည်းဖြစ်၏။ ယခုလည်း နွေစပါး ခုနစ်ဧက စိုက်ပျိုးပြီးပြီဟု ဆိုသည်။ ကြေးမုံသတင်းအဖွဲ့က သုံးသီးအပြည့်အဝ စိုက်နိုင်၍ စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်လာပါက ဘယ်လိုဆန္ဒမျိုးများ ရှိပါသေးသလဲဟု မေးရာ ဒေသဖွံ့ဖြိုးရေး လုပ်ချင်ပါသေးသည်ဟုဆို၏။ စကားနည်းပုံရသော ဦးသန်းလှိုင်က ချောင်းမငယ်ဆည် တည်ဆောက်ပေးသော နိုင်ငံတော်ကို ကျေးဇူးအထူးတင်ပါတယ်ဟု ဆိုရင်း စကားကို အဆုံးသတ်လိုက်သည်။

"ပန်းညိုစမ်းရွာသား ဦးအေးသောင်က အခုတော့မိုးတွင်းတောင် အရင်ကလောက် သွားရေးလာရေး မခက်တော့ဘူးဆို၏"

ဦးမောင်အေးနှင့် ဦးသန်းလှိုင်တို့ကား ပြောစရာကုန်ပြီဆိုကာ ဦးစွာ နှုတ်ဆက် ခရီးဆက်ကြ၏။ ချောင်းမငယ် မြောင်းမတော်ကား တသွင်သွင် စီးဆင်းဆဲ။ ဆည်ရေသောက် လယ်၏ အချိုင့်အဝှမ်းတို့ရှိရေပြင်ဝယ် လေပြည်နှေ့၍ ဂယက်တဖွေးဖွေး။ နေလည်း အတန်ညိုပေပြီ။ ကြေးမုံသတင်းအဖွဲ့လည်း ဌာနေပြန်ရန်ပြင်ကြပြီ။ ညနေခင်းလေပြည်အသုတ်တွင် မျက်စိတစ်ဆုံး အစိမ်းရောင်လှိုင်းတို့ အဆင့်ဆင့် လူးလိမ့်ယိမ်းထိုးနေ၏။ အမြင်အာရုံ မှောက်မှားခြင်းမဟုတ်၊ အိပ်မက်လည်း မဟုတ်သည့် ဤမြင်ကွင်းသည် ချောင်းမငယ်ကို မြောင်းသွယ်လိုက်ခြင်းကြောင့် စိမ်းလန်းဖွံ့ဖြိုးလာသော နေပြည်တော် လယ်ဝေးမြေမှ မြင်ကွင်းဖြစ်ပါ၏။ ။

ချောင်းမငယ်ရေလှောင်တမံမှ ရေကူးဖြင့် လယ်မြေဧက ၅၀၀၀ကို စိုက်ပျိုးရေပေးဝေမည့် ဆင်အုံကန်ကြီး။

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Jinan Military Region Command မှ စစ်ဒေသမှူးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Jinan Military Region Command မှ စစ်ဒေသမှူး General Fan Changlong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ရောက်ရှိကြပြီး မန္တလေး မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ညပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Jinan Military Region Command မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြကာ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့ကိုလည်းကောင်း၊ အမျိုးသား ကန်တော်ကြီးဥယျာဉ်ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ညနေ ၃ နာရီခွဲတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ နေပြည်တော်သို့ ရောက်ရှိကြပြီး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ကျောက်မျက် ရတနာပြတိုက် (နေပြည်တော်)ကို ကြည့်ရှုလေ့လာကြကာ ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ညပိုင်းတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က စစ်ဒေသမှူး General Fan Changlong ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ဟိုတယ် Lake View Hall ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ စစ်ဒေသမှူး General Fan Changlong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က ရန်ကုန်မြို့ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော် အရာရှိကြီးများ၊ စစ်သံမှူး Senior Colonel Gao Tiejun နှင့် သံရုံး အဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ စစ်ဒေသမှူး General Fan Changlong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ဟိုတယ် Lake View Hall ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဇော် ဆက်သွယ်ရေးစခန်းများ စစ်ဆေး စက်ပစ္စည်းများ ကြံ့ခိုင်ရေးနှင့် ဆက်သွယ်မှုပိုမိုကောင်းမွန်ရေး မှာကြား

နေပြည်တော် ဇွန် ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဇွန် ၇ ရက်တွင် ရန်ကုန်မြို့ သယ်န်းကျွန်း အော်တိုအိတ်ချိန်းသို့ရောက်ရှိ စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာချုပ်က စက်ခန်းအတွင်း အသစ်တိုးချဲ့ တပ်ဆင်ထားရှိသည့် CS 1500 i SWITCH တပ်ဆင်ထားရှိမှုကို လိုက်လံပြသသည်။

ထို့နောက် အင်ဂျင်နီယာချုပ်က အော်တိုတယ်လီဖုန်းများ အသစ်တိုးချဲ့ ဆောင်ရွက်ထားရှိမှု အခြေအနေကို မြေပုံကားချပ်များဖြင့် ရှင်းလင်းပြသပြီး သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဟံသာဝတီအော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး အသစ်တိုးချဲ့ တပ်ဆင်ထားသည့် IP TRANSIT အိတ်ချိန်းကို ကြည့်ရှုစစ်ဆေးကာ ဆက်သွယ်မှုများ ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ အော်တိုအိတ်ချိန်း စက်ခန်းနှင့် ဟံသာဝတီနေရှင်နယ်ကေဘယ်လ်စခန်းသို့ ရောက်ရှိ စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာချုပ်က စက်ခန်းအတွင်း စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြသပြီး ဝန်ကြီးက စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် ဆက်သွယ်မှုများ ပိုမိုကောင်းမွန်အောင် အထူးဂရုပြုဆက်သွယ်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဝန်ကြီးသည် ဇွန် ၈ ရက်တွင် ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးမြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တိုင်းအတွင်း ဆက်သွယ်ဆောင်ရွက်မှု အခြေအနေ၊ G.S.M စနစ်စက်ခန်း၊ C.D.M.A စနစ်စက်ခန်းနှင့် မိုက္ကရိုဝေ့ဗ်စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ အစဉ်အမြဲ ကြံ့ခိုင်ကောင်းမွန်အောင် ဝန်ထမ်းများက အလေးထား၍ ထိန်းသိမ်းဆက်သွယ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် တိုင်းမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့အတွင်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အင်ဂျင်နီယာချုပ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် အော်တိုတယ်လီဖုန်းလိုင်းများနှင့် အဝေးဆက်သွယ်မှုများ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဘုရားကြီး အော်တိုအိတ်ချိန်းနှင့် G.S.M စခန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ ကျော့ဖုံးမှ

ကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကာလအတွင်း ပင်လယ်ရေမျက်နှာပြင်သည် တစ်နှစ်လျှင် နှစ်မီလီမီတာနှုန်းဖြင့် မြင့်တက်ခဲ့သော်လည်း ကျွန်းပေါင်း ၂၇ ကျွန်းသည် မူလအရွယ်အစား သို့မဟုတ် မူလအရွယ်အစားထက် ပိုမိုကြီးမားလာသော အရွယ်အစားတွင် ရှိနေသည်ကို တွေ့ရသည်။ ကျွန်းလေးကျွန်းမှာမူ ပင်လယ် ရေအောက်သို့ ပိုမိုကျရောက်သွားသည်ကို လေ့လာတွေ့ရှိရသည်။

ကျွန်းအချို့၏ ကုန်းမြေဧရိယာ ပိုမိုကြီးမားလာရခြင်းမှာ သန္တာကျောက်တန်းများတည်ရှိမှုနှင့် ဆက်စပ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သန္တာကျောက်တန်းကျွန်းများကို သန္တာကျောက်တန်းများက ဝန်းရံထားကြောင်း၊ သန္တာကျောက်တန်းများမှာမူ ပင်လယ်ရေသတ္တဝါများဖြစ်သော သန္တာကောင်များ၏ပြုပြင်မှုအရ အဆက်မပြတ် ကြီးထွားလာနေကြောင်း၊ သန္တာကျောက်တန်းများသည် လှိုင်းများရိုက်ခတ်ခံရမှုကြောင့် တိုက်စားခံရပြီး ကျောက်တန်းအပိုင်းအစများသည် အနီးရှိကျွန်းများ၏ ကုန်းမြေမျက်နှာပြင်ပေါ်သို့ ရေမျောကမ်းတင် ရောက်ရှိလာကြောင်း၊ ဤသို့ဖြင့် ကျွန်းများ၏အရွယ်အစား ပိုမိုကြီးမားလာရခြင်းဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

အင်တာနက်။

ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဆင့်ပွားသင်တန်း စဉ့်ကူးမြို့နယ်၌ ဖွင့်လှစ်

နေပြည်တော် ဇွန် ၉

စဉ့်ကူးမြို့နယ် ရွှေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းကို ဇွန် ၄ ရက် နံနက်ပိုင်းတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးရဲအောင်မြင့်နှင့် ပြင်ဦးလွင်ခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်ကိုတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်တင်တင်နုနှင့် ဒေါ်နွဲ့တို့က သင်တန်းတက်ရောက်ကြသည့် ရပ်ကွက် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၉

ဦးထွန်းထွန်းသည် ဇွန် ၅ ရက်က မြို့တော်ဂေါက်ကွင်း(မြကန်သာ)ကျင်း အမှတ်(၁၆)၌ ကစားဖော်များဖြစ်သော ဦးဝင်းထွန်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးတင်နွယ်၊ ဦးအောင်နိုင်၊ ဦးထိန်ဝင်းတို့နှင့်ကစားစဉ် ၁၆၇ ကိုက် အကွာအဝေးကို Titleist No.(3)ဘောလုံးအား Srixon Hybird No.(5) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၉

မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ်အဆင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၄ ရက်တွင် မြို့နယ်ရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးက မော်လမြိုင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စီမံချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဇွန် ၆ရက်က မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်၌ ပိုးလောက်လမ်း သေဆေးခတ်ခြင်း၊ ဆေးမှုတ်ခြင်းတို့ကို တစ်အိမ်တက်ဆင်းစစ်ဆေးပညာပေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ “စိတ်တေလေ”တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ **MRTV-4** ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၂)**
၈း၃၀ Sports World (Red Bull Fighters)
၈း၅၅ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲ
၉း၂၀ ဂီတသံစဉ်များနှင့် မိုးယံည
၉း၃၅ ဟိုတယ်လမ်းညွှန် (NATURE LAND HOTEL)
၁၀း၂၀ လှပသောအသားအရေတို့၏ လျှို့ဝှက်ချက်
၁၀း၃၅ ဈေးဝယ်လမ်းညွှန် (D Day Fashion Shop)
၁၀း၅၅ မြို့ကျောက်ဆည်၏ အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ)
၁၁း၀၅ MNL ပြိုင်ပွဲ၏အားသစ်များ (မနောမြေ FC)
၁၁း၂၅ ကျန်းမာရေးကဏ္ဍ (ကာဗွန်မိုနောက်ဆိုဒ်အဆိပ်သင့်မှုအန္တရာယ်) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁၁း၅၅ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင် -ချစ်သုဝေ)
၁၂း၂၀ မြတ်ဆရာသို့ . . ဆယ်ဖြာလက်စုံ
၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ် (ထန်းတပင်မြို့ဇီဝိတဒါန သွေးလှူဒါန်းပွဲ)
၁၂း၄၀ သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၁၂း၅၀ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၁း၀၀ “စိတ်တေလေ”တရားတော် (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (Hip Hop Beach 2)
၃း၁၅ လှပသောအသားအရေတို့၏ လျှို့ဝှက်ချက်
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၂)**
၄း၀၅ ဂီတသံစဉ်များနှင့် မိုးယံည
၄း၂၀ ကော့ကရိတ်မြို့မှ စက္ကူဒါနအောင်ပွဲ
၄း၄၅ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲ
၅း၁၀ Road To Highest Competition (Netherland)
၅း၃၀ အနုပညာမိုးကောင်းကင်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
၆း၄၅ MNL ပြိုင်ပွဲ၏အားသစ်များ (မနောမြေ FC)
၇း၀၀ Fashion Music Festival (Hip Hop Beach 2)
၇း၂၅ ရန်ကုန်မြင်ကွင်းကျယ် (ထန်းတပင်မြို့ဇီဝိတဒါန သွေးလှူဒါန်းပွဲ)
၇း၃၅ ဈေးဝယ်လမ်းညွှန် (D Day Fashion Shop)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ဟိုတယ်လမ်းညွှန် (NATURE LAND HOTEL)
၉း၁၅ မေတ္တာရွှေစင်အငြိမ့်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၂)**
၁၀း၀၀ အေးချမ်းသောအလှ၊ စွဲမက်ဖွယ် မြင်ကွင်းများနှင့် ရေခဲတောင်မြေ
၁၀း၃၅ အနုပညာမိုးကောင်းကင်
၁၁း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
၁၁း၂၅ မြတ်ဆရာသို့ . . ဆယ်ဖြာလက်စုံ
၁၁း၃၅ မြန်မာ့ခြင်းလုံး
၁၁း၄၅ စလင်းရေလှောင်တမံ
၁၁း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပန်းဘဲတန်းမြို့နယ်၌ စုပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၉

ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဇွန် ၅ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ် (၁၀)ရပ်ကွက် ၃၁ လမ်း၊ ၃၂ လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းများတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် အဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေစည်၊ ရေအိုးများအတွင်း အဘိတ်ဆေးများခတ်ခြင်း၊ ခြင်ဆေးများမှုတ်ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

Orchid Hotel ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ Orchid Hotel ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က Orchid Hotel ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူး တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မိမိတို့ ခရိုင်အလိုက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူတို့က Orchid Hotel ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၃၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၅။ မွေးမြူသုတ
၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၉။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား **-South Africa and Brazil**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ **ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၂၀)**
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၁၇)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အနုပညာရှင်၏တစ်နေ့တာ
၂၁။ ကုန်သွယ်သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၀)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်း ကွာတားဖိုင်နယ် တက်ရောက်

ရန်ကုန် ဇွန် ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhen jiang မြို့၌ ဇွန် ၅ ရက်မှ စတင်၍ကျင်းပလျက်ရှိသည့် 2010 Asian Men's Club Volleyball Championship ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသော Asian World Club အမည်ဖြင့် ဦးသိန်းဝင်းခေါင်းဆောင်သည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင်ဘော်လီဘောအသင်းသည် ပထမအဆင့်အုပ်စုပတ်လည် ဘော်လီဘောပြိုင်ပွဲ၌ (ခ)အုပ်စုတွင် ငါးပွဲကစားရာ နှစ်ပွဲနိုင် သုံးပွဲရှုံးနိမ့်ပြီး စတုတ္ထနေရာဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

အုပ်စုပတ်လည်ပြိုင်ပွဲများသည် ယနေ့ညနေပိုင်းတွင် ပြီးစီးသွားရာ (က)အုပ်စုပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်းက ပထမ၊ ဂျပန်အသင်းက ဒုတိယ၊ Kazakhstan အသင်းက တတိယ၊ ဗီယက်နမ် အသင်းက စတုတ္ထ၊ အင်ဒိုနီးရှားအသင်း က ပဉ္စမ ရရှိကြပြီး (ခ)အုပ်စုပြိုင်ပွဲတွင် အီရန်အသင်းက ပထမ၊ ကာတာအသင်းက ဒုတိယ၊ ထိုင်းအသင်းက တတိယ၊ မြန်မာအသင်းက စတုတ္ထ၊ Uzbekistan အသင်းက ပဉ္စမနှင့် ဘာရိန်းအသင်းက ဆဋ္ဌမရရှိကြသည်။

ယင်းပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပြိုင်ပွဲများ၊ အကြိုဗိုလ်လုပွဲများနှင့် ဗိုလ်လုပွဲကို ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၀ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်း အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက်ယခုကဲ့သို့ နိုင်ငံတကာ ဘော်လီဘောပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ဘုရားသုံးဆူ ဇွန် ၉

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီအတွင်း အဓိကရေနုတ်မြောင်းဖြစ်သော အမှတ်(၂)ရပ်ကွက်အတွင်း လေးပေခန့်မြုပ်အောင် ရေစီးဆင်းသည့် ရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်ရေးနှင့် ရပ်ကွက်အတွင်း ရေမဝင်ရေးအတွက် မေ ၂၅ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်နိုင်ထွန်းက ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်း၍ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး သထုံမြို့နယ်၌ စုပေါင်းဆောင်ရွက်

သထုံ ဇွန် ၉

မွန်ပြည်နယ် သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များစုပေါင်းကာ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်၊ ရေစည်၊ ရေအိုးများအတွင်း အဘိတ်ဆေးများ ခတ်ခြင်းလုပ်ငန်းများကို မေ ၂၃ ရက်တွင် လိပ်အင်းရပ်ကွက်နှင့် ပေါ်တော်မူကျေးရွာ၊ မေ ၂၉ရက်တွင် ဘင်လှိုင်ရပ်ကွက်တို့၌ ကွင်းဆင်း၍ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာဆွေဆွေဝင်းတို့ ကြည့်ရှုအားပေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အလေးချိန်ခွင်အတိုင်းအတာ မှန်ကန်မှု ရှိ၊ မရှိ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(စည်းကမ်းထိန်း)၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) တို့ ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၌ တိုင်းအဆင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး အသိပေးဆွေးနွေးပွဲနှင့် ဆရာဖြစ်သင်တန်းဖွင့်

ပြည် ဇွန် ၉

ကျန်းမာရေးဦးစီးဌာန မိခင်/ကလေးကျန်းမာရေးဌာနစိတ်နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း ဆောင်ရွက်သည့် တိုင်းအဆင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေး အသိပေးဆွေးနွေးပွဲနှင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းခွဲကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက တိုင်းအတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆရာဖြစ်သင်တန်းကို ကျန်းမာရေးဦးစီးဌာန မိခင်/ကလေးကျန်းမာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပို့ချကြသည်။ အဆိုပါသင်တန်းသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၇၅ ဦး တက်ရောက်ကြသည်။

(တိုင်း ပြန်/ဆက်)

ကျေးလက်ကျောက်ချောလမ်း ခင်းကျင်းမှု ဆောင်ရွက်

ရွှေကူ ဇွန် ၉

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက် နှစ် ၃၀ စီမံချက်အရ ဆောင်ရွက်လျက်ရှိသော ရွှေကူ-သိန်းဟွန်းလမ်း အလျား ပေ ၃၆၅၀၊ အကျယ် ၁၂ ပေရှိ ကျေးလက်ကျောက်ချောလမ်း ကျောက်ခွဲသားများရောက်ရှိစုပုံနေမှုနှင့် လမ်းခင်းနေမှုကို ဇွန် ၁ ရက်တွင် အမှုဆောင်အရာရှိ ဦးခင်အောင်နီက ကြီးကြပ်ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ-၃ ဦးပန်ထွန်းမိုးက ရှင်းလင်းတင်ပြခဲ့သည်။

(မြို့နယ်စည်ပင်)

မိုးစပါး၊ နွေစပါး စီမံကိန်းတာဝန် ပေးအပ်

ဝေါ ဇွန် ၉

ဝေါမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါး၊ နွေစပါးစီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၂၁ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်သန်းသန်းဆင့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးခင်ဖေနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိုးဝင်းတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တာဝန်ပေးအပ်

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါး၊ နွေစပါးစီမံကိန်းတာဝန်များကို ပေးအပ်သည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

OPPLE
မြန်မာနိုင်ငံတွင် ပထမဆုံးအားဖြင့် ရောင်းချပေးနေသော
OPPLE တံဆိပ်လျှပ်စစ်ပစ္စည်းများ

မိန်ဂေလာ ဆိုင်များတွင်
101 ဆံဝင်ပေါက်ဆေးများကို
အထူးလျှော့ဈေး နှင့်ရောင်းချနေပြီ
10% to 50% Discount
ပြည်လမ်း: မိန်ဂေလာ
လှည်းတန်း: မိန်ဂေလာ
၁၉ လမ်း: မိန်ဂေလာ
Phone 251230 518088

ပစ္စည်းမှန် ၊ ဈေးနှုန်းမှန်
ခေျာခေျာ စလာစာအုပ်

unicolor
Special Quality Paper Products

ညီညီရှင်းသန့် ကုမ္ပဏီလီမိတက်
ညီညီ
(ဆေးကိရိယာ ပစ္စည်းရောင်းဝယ်ရေး)
မင်္ဂလာဈေး၊ စတုတ္ထထပ်(၇၆၉)ကို ပြောင်းရွှေ့ခြင်း
ရုံ(၁)၊ ဆိုင်အမှတ်(၁၄) ဗိုလ်ချုပ်ဈေးသစ်သို့ ၃၁-၅-၂၀၁၀ရက်မှစ၍ ပြောင်းရွှေ့ရောင်းချပေးနေပါသည်။
ဖုန်း-၀၉-၈၀-၂၄၄၄၃၊ ၀၉-၅၁-၂၀၃၃၁
၀၉-၅၁-၂၀၃၃၂၊ ၂၄၂၀၀၉၊ (Ext) ၇၀၂၊ ၂၉၄၆၉၄

အနှိုက်ကျိုးခေါင်းရောဂါ

ဆိုင်ခန်းရောင်းမည်
ယုဇနပလာဇာ ဝင်ပေါက် ၁၅၊ မြေညီထပ်-ပင်မ ဝင်ပေါက်လမ်းမပေါ်၊ P.36 (7'×8') အလူမီနီယံဆွဲတံခါး ဆိုင်ခန်းပြင်ဆင်ပြီး၊ လက်ရှိ ဆိုင်ထွက်နေသည်။
ဆက်သွယ်ရန်
ဖုန်း-၂၀၀၅၈၆၊ ၂၉၈၈၇၄

အမြန်ရောင်းမည်
ယုဇနပလာဇာ မြေညီထပ်ဆိုင်ခန်း ဝင်ပေါက်ထိပ် တည့်တည့်၊ နေရာကောင်း။
ဆက်သွယ်ရန်-ဖုန်း-၂၀၅၁၉၃၊ ၀၉ ၅၁၇၈၂၁၈
(11:00am မှ 2:00pm အတွင်းသာ)

V.I.P FASHION အထည်ဆိုင်
မင်္ဂလာဈေးမြေညီမှ ယုဇနပလာဇာမြေညီထပ်
F-11 ဆိုင်ခွဲသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။
Ph: 09-5019432,09-5017341
200747, Ext:1140

မူးယစ်ဆန့်ကျင်
အောင်ပွဲဆင်

နိုင်ငံတကာအားကစားသတင်းများ

၂၀၁၀ ကမ္ဘာ့ဖလားတွင် ဗိုလ်စွဲနိုင်ခြေရှိ အသင်းများ၏အနေအထား

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်၊ အာဂျင်တီးနားတို့အပြင် လက်ရှိချန်ပီယံ အီတလီ၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ စပိန်နှင့် ဘရာဇီးတို့သည်လည်း ဗိုလ်စွဲနိုင်ခြေရှိ အသင်းများထဲတွင် ပါဝင်နေသည်။

ဘရာဇီးအတွက် ခြေစစ်ပွဲကလို ဂိုးသွင်းပေးနိုင်ပါ့မလား ဖော်ဘီယာနို။

ဘရာဇီး

ကမ္ဘာ့ဖလားချန်ပီယံ (၅)ကြိမ်ရထားသည့် ဘရာဇီးအသင်းသည် နည်းပြဒွန်ဂါလက်ထက်တွင် ခြေစွမ်းတည်ငြိမ်မှုရှိနေသည်။ ဘရာဇီးဂိုးသမားများဖြစ်ကြသည့် ဂိုမက်ဇ်(စပါး)၊ ဒိုနီ(ရိုးမား)နှင့် ဂျူလီယိုဆီဇာ (အင်တာမီလန်)တို့မှာ သက်ဆိုင်ရာ ကလပ်အသီးသီးတွင် အထူးလက်စွမ်းပြနေသည့် ကစားသမားများဖြစ်သည်။ အဲလ်ဗက်စ်၊ ဘတ်စ်တော့စ်၊ လူစီယို၊ မိုင်ကွန်၊ ဘာတစ္စတာ၊ ကာကာ၊ ကလီဘာဆင်၊ ရော်ဘင်ဟို၊ ဖော်ဘီယာနို၊ ဂရာဖိတီနှင့် နီလ်မာတို့ပါဝင်နေသည့် ကမ္ဘာ့အဆင့်(၁) ဘရာဇီးအသင်းကို အများစုက အားရမှု မရှိသော်ငြားလည်း ဗိုလ်စွဲနိုင်ခြေ အဆင့် (၁)တွင် ရှိနေပါသေးသည်။

စပိန်

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများထဲတွင် ဘရာဇီးပြီးလျှင် ဗိုလ်စွဲရန် ဒုတိယ ရေပန်းအစားဆုံးအသင်းမှာ စပိန်အသင်းဖြစ်သည်။ စပိန်အသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုမရှိခဲ့သော်လည်း ၂၀၀၈ ဥရောပချန်ပီယံဖြစ်ထားသကဲ့သို့ လက်ရှိစပိန်အသင်းတွင် ကာဆီးလက်စ်၊ ရေနာနှင့်အဲလ်ဗက်စ်တို့လို အသင်းကြီးများတွင် ကစားနေသည့် ဂိုးသမားကောင်းများ ရှိနေပြီး အဘီလိုအာ၊ ပူယိုး၊ ပီကေး၊ ရာမို့စ်၊ အလွန်ဆို၊ ဖာဘရီဂက်စ်၊ ဇာဗီ၊ အင်နီယေစတာ၊ ဒေးဗစ်ဆေးလ်ဗား၊ မာတာ၊ ပက်ဒရို၊ ဒေးဗစ်ဗီလာနှင့် ဖာနန်ဒိုတောရက်စ်တို့လို အတွေ့အကြုံရှိပြီး လျင်မြန်သွက်လက်သည့် ကစားသမားကောင်းများရှိနေခြင်းကြောင့် ဗိုလ်စွဲနိုင်ခြေ အဆင့်(၂) တွင် ရှိနေသည်။

နယ်သာလန်

နည်းပြ ဗန်မားဝစ်ကိုင်တွယ်နေသည့် နယ်သာလန်အသင်းသည် ခြေစစ်ပွဲ

တစ်ကိုယ်တော်အစွမ်းနှင့်ပွဲအဖြေကို ပြောင်းလဲပေးနိုင်စွမ်းရှိသည့် နယ်သာလန်ကစားသမားရော်ဘင်။

တစ်လျှောက် အထူးခြေစွမ်းပြနိုင်ခဲ့ပြီး ရှုံးပွဲမရှိကစားကာ အုပ်စုဗိုလ်ဖြင့် တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ နယ်သာလန်အသင်းတွင် ဟိုက်တင်ဂါ၊ ဘိုလာရုဇ်၊ ဗန်ဒါဝီလ်၊ ဒီဂျုန်း၊ ရှနိုက်ဒါ၊ ဗန်ဘွန်မဲလ်၊ ဗန်ဒါဗက်၊ ဘာဘယ်၊ ဟန်တယ်လာ၊ ဒရက်ကောက်၊ ရော်ဘင်နှင့် ဗန်ပါစီတို့ အတွဲညီညီကစားနိုင်မှုကြောင့် ဗိုလ်စွဲနိုင်ခြေအဆင့်(၄)တွင် ရှိနေသည်။

အီတလီ

ကမ္ဘာ့ဖလားပြိုင်ပွဲကို (၁၆)ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သည့် အီတလီအသင်းသည် ချန်ပီယံဆု (၄)ကြိမ် ရရှိထားသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ တစ်လျှောက်တွင် ဒုတိယအအောင်မြင်ဆုံးဖြစ်သည့် အီတလီအသင်းသည် ခြေစစ်ပွဲများတွင် ခြေစွမ်းပြနိုင်ခဲ့သည့် အသင်းဖြစ်သည်။ လက်ရှိပြိုင်ပွဲဝင် အီတလီအသင်းတွင် လူဟောင်းနှင့်လူသစ် အချိုးညီစွာ ပေါင်းစပ်ဖွဲ့စည်းထားသည့် အသင်းတစ်သင်းဖြစ်သည်။

နည်းပြမာဆယ်လိုလစ်ပီ ကိုင်တွယ်သည့် အီတလီအသင်းတွင် ဘတ်ဖွန်၊ ကင်နာဗာရိုး၊ ဇမ်ဘရော့တာ၊ ဒီရော့စီ၊ ဂတ်တူဆို၊ ပီယာလို၊ ဂီလာဒီနို၊ ပီပီနှင့် အကွီလာနီတို့ ပါဝင်နေခြင်းကြောင့် ဗိုလ်စွဲနိုင်ခြေအဆင့် (၇)တွင် ရှိနေသည်။

ဂျာမနီနှင့်ပြင်သစ်

ကမ္ဘာ့ဖလား(၃)ကြိမ် ဗိုလ်စွဲထားသည့် နည်းပြဂျိုချင်လော၏ ဂျာမနီအသင်းမှာ ဗိုလ်စွဲနိုင်ခြေ အဆင့်(၆)တွင် ရှိနေသည်။ ကာလစ်ချီ၊ အီဗရာ၊ ဂါးလစ်၊ ဆဂ္ဂနာ၊ ဒီယာဘီ၊ ဂေါ်ကပ်ဖ်၊ မာလူဒါ၊ ဆစ်စီ၊ အနယ်လ်ကာ၊ ဂိုဗူးနှင့်ဟင်နရီစသည့် နာမည်ကြီးကစားသမားများ ရှိနေသည့် ပြင်သစ်အသင်းမှာမူ ဗိုလ်စွဲနိုင်ခြေ အဆင့်(၈)တွင် ရှိနေသည်။ အင်္ဂလန်အသင်းမှာ ဗိုလ်စွဲနိုင်ခြေအဆင့်(၃)ဖြစ်ပြီး အာဂျင်တီးနားအသင်းမှာမူ ဗိုလ်စွဲနိုင်ခြေ အဆင့်(၅)ဖြစ်သည်။

ဝင်းတင်(ကြေးမုံ)

တောင်ပိုင်းဒေသများ မိုးဆက်လက်ပိုလာနိုင်

နေပြည်တော် ဇွန် ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခရမ်းမြို့နှင့် ရွှေကျင်မြို့တို့တွင် ၂ ဒသမ ၈၀ လက်မစီ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ သထုံမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့တွင် ၂ ဒသမ ၄၀ လက်မစီ၊ မော်ဘီမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၆၉ လက်မ၊ သံတောင်ကြီးမြို့တွင် ၁ ဒသမ ၆၃ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် ကျိုက္ခမီမြို့တွင် ၁ ဒသမ ၅၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇွန် ၁၀ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ်)	၈၉ ဒီဂရီဖာရင်ဟိုက်	၈-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၆ ဒသမ ၁ ဒီဂရီစင်တီဂရိတ်)	၇၉ ဒီဂရီဖာရင်ဟိုက်	၉-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၉၆ ရာခိုင်နှုန်း	၉-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၈-၆-၂၀၁၀

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရေကြည်ပေါက် မြစ်ရေတင် နွေစပါးအောင်မြင်ဖြစ်ထွန်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့် အညီ အဓိကသီးနှံ ဆန်စပါးနှင့် သီးနှံစုံစိုက်ပျိုးလျက်ရှိသည်။ စပါးသီးနှံကို သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေ ရရှိစေရန် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ပြည်နယ်နှင့် တိုင်းအနှံ့ ဆည်၊ တမံများ၊ မြေအောက်ရေ၊ လျှပ်စစ်မြစ်ရေတင်ဖြင့် နွေစပါးများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ မန္တလေးတိုင်း အမရပူရမြို့နယ်တွင် ဧရာဝတီမြစ်မှ ရေကြည်ပေါက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် လိပ်ဆံခွန်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့မှ ၂၀၀၉-၂၀၁၀ နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၁၁၁၀၀ လျာထား စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

နိုင်ငံတကာ သတင်း အညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေကို စာမျက်နှာ(၄)တွင် ဖတ်ရှုနိုင်ပါသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိကျွန်းအချို့ အရွယ်အစားအရ ပိုမိုကြီးမားလာ

အင်တာနက်အဏ္ဏဝါသိပ္ပံ
ဘာသာပြန် - ရေမောင်
အဆင်အပြင် - ခင်မျိုးနိုင်

အုတ်ကလန် ဇွန် ၉

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများ ပျောက်ကွယ်သွားနိုင်သည့် အလားအလာရှိသည်ဟု ယခင်ကယူဆခဲ့ကြကြောင်း၊ သို့ရာတွင် လက်တွေ့အားဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းအချို့မှာ အရွယ်အစားအရ ပိုမို၍ပင်ကြီးမားလာကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်အရ သိရသည်။

အရွယ်အစားအရ ပိုမိုကြီးမားလာသော ကျွန်းများတွင် ကီရီဘာတီ၊ တူဗာလူနှင့် မိုက္ကရိုနီးရှားကျွန်းစုနိုင်ငံများမှ ကျွန်းများပါဝင်ကြောင်း နယူးဇီလန်နှင့် ဖီဂျီနိုင်ငံတို့မှ သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

နယူးဇီလန်နိုင်ငံ အုတ်ကလန်တက္ကသိုလ်မှ ပေါလ်ကန့်ချ်နှင့် ဖီဂျီမှ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း အသုံးချဘူမိသိပ္ပံ ပညာကော်မရှင်မှ သုတေသီ အာသာဝက်ဘ်တို့သည် ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းရှိ သန္တာကျောက်တန်းကျွန်းများကို လေ့လာခဲ့ကြသည်။

သိပ္ပံပညာရှင်များသည် ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းရှိ သန္တာကျောက်တန်းကျွန်း ၂၇ ကျွန်းနှင့် ပတ်သက်၍ လွန်ခဲ့သောနှစ်ပေါင်း ၆၀ အတွင်း ရိုက်ကူးခဲ့သည့် ကောင်းကင်မြေပုံများနှင့် ဂြိုဟ်တုဓာတ်ပုံများကိုအသုံးပြုကာ လေ့လာခဲ့သည်။
စာမျက်နှာ ၉ ကော်လံ ၁ သို့ ❑



တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းမှ တူဗာလူကျွန်းစုနိုင်ငံရှိ မူလီတီဖာလာကျွန်း၏ ကုန်းမြေဧရိယာ ပိုမိုကြီးမားလာပုံကို သရုပ်ဖော်ပုံတွင် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)